COVID-19 ရောဂါ (ဂျပန်နိုင်ငံတွင်းသို့ ရောဂါကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်ရေးကို တိုးမြှင့်မည့် စီမံချက်အသစ်ကို ထုတ်ပြန်ကြေညာခြင်း : ဧပြီလ ၁ ရက်)

မြန်မာနိုင်ငံအတွင်းနေထိုင်သော ဂျပန်လူမျိုးများသို့

မြန်မာနိုင်ငံအတွင်းနေထိုင်သူများသို့

၂၀၂၀ပြည့်နှစ် ဧပြီလ ၁ ရက်

ဧပြီလ ၁ ရက် ဂျပန်နိုင်ငံရှိ COVID-19 ရောဂါကူးစက်ပျံ့နှံ့မှု ကာကွယ်ထိန်းချုပ်ရေးဗဟိုကော်မတီက ဂျပန်နိုင်ငံတွင်းသို့ ရောဂါကူးစက်ပျံ့နှံ့မှုတားဆီးကာကွယ်ရေးကို တိုးမြှင့်မည့်စီမံချက်အသစ်များ (ပြည်ဝင်ခွင့် ပိတ်ပင်ခံထားရသောဒေသများကို ထပ်မံတိုးမြှင့်ခြင်း၊ သီးသန့်နေထိုင်စောင့်ကြည့်မှု(quarantine) တိုးမြှင့်လုပ်ဆောင်ခြင်းနှင့် ဗီဇာကန့်သတ်ခြင်းများ စသည်) ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ရောက်ရှိနေထိုင်ခဲ့သည့်ပုဂ္ဂိုလ်များအတွက်လည်း ဧပြီလ ၃ ရက် ၀ နာရီ (ဂျပန်နိုင်ငံစံတော်ချိန်) နောက်ပိုင်းမှစတင်၍ ဂျပန်နိုင်ငံအတွင်း ဝင်ရောက်မည်ဆိုလျှင် မိမိ၏နေအိမ် စသည်တို့တွင် ၁၄ ရက်ကြာ သီးသန့်နေထိုင်စောင့်ကြည့်မှုနှင့် ထိုကာလတွင် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးစနစ်များကို အသုံးမပြုနိုင်ခြင်း စသည့်တို့ လိုက်နာရန် လိုအပ်ပါသည်။ ထို့အပြင် ဧပြီလ ၂ ရက်နေ့မတိုင်မီ ထုတ်ပေးပြီးဖြစ်သော ပြည်ဝင်ခွင့်ဗီဇာများ၏ အကျိုးသက်ရောက်မှုကို ရပ်ဆိုင်းခြင်း စသော ဗီဇာကန့်သတ်ချက်များကိုလည်း လုပ်ဆောင်သွားပါမည်။

အသေးစိတ်အကြောင်းအရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) သီးသန့်နေထိုင်စောင့်ကြည့်မှု (quarantine) တိုးမြှင့်လုပ်ဆောင်ခြင်း

(က) မြန်မာနိုင်ငံအပါအဝင် ဂျပန်နိုင်ငံအတွင်းသို့ဝင်ရောက်မည့် ပုဂ္ဂိုလ်များအားလုံးသည် မိမိ၏နေအိမ် စသည့် ပြည်တွင်းသို့ရောဂါကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်ရေးဌာန၏ ဌာနမှူးက သတ်မှတ်ထားသောနေရာတွင် ၁၄ ရက် စောင့်ကြည့်ထိန်းသိမ်းထားခံရမည်ဖြစ်ပြီး ထိုကာလတွင် ဂျပန်နိုင်ငံအတွင်း၌ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်များကို အသုံးမပြုရန် လိုအပ်ပါသည်။

(ခ) ယခု စီမံချက်သည် ဧပြီလ ၃ ရက် မနက် ၀ နာရီနောက်ပိုင်းတွင် ဂျပန်နိုင်ငံသို့ ဆိုက်ကပ်ရောက်ရှိမည့် လေယာဉ်များ သို့မဟုတ် သင်္ဘောများအပေါ်တွင် စတင်သက်ရောက်မည်ဖြစ်ပြီး ဧပြီလကုန် ကာလအထိ အကျုံးဝင်မည် ဖြစ်ပါသည်။ စီမံချက်ကာလကို အသစ်ထပ်မံပြင်ဆင်နိုင်ပါသည်။ (သို့သော် ၁၄ ရက်အတွင်း

ပြည်ဝင်ခွင့် ပိတ်ပင်ခံထားရသော နိုင်ငံဒေသများသို့ သွားလာခဲ့သောခရီးသွားရာဇဝင်ရှိခဲ့ပြီး အထူးအကြောင်းကိစ္စဖြင့် ဂျပန်နိုင်ငံအတွင်းသို့ ဝင်ရောက်မည့် ပုဂ္ဂိုလ်များသည် PCR စစ်ဆေးခြင်းကို ခံယူရမည်ဖြစ်သည်။)

(၂) ဗီဇာ ကန့်သတ်ခြင်းများ

(က) ပြည်ဝင်ခွင့်ပိတ်ပင်ခံထားရသောဒေသများ (အောက်ပါ အမှတ်စဉ် (၄)တွင် ဖော်ပြထားသော နိုင်ငံဒေသများ) မှအပ ကျန်နိုင်ငံများ (မြန်မာနိုင်ငံအပါအဝင်) ရှိ ဂျပန်သံရုံးများ သို့မဟုတ် ကောင်စစ်ဝန်ရုံးများတွင် ဧပြီလ ၂ ရက် မတိုင်မီ ထုတ်ပေးထားသော တစ်ကြိမ်ပြည်ဝင်ခွင့်နှင့် အကြိမ်ကြိမ်ပြည်ဝင်ခွင့် ဗီဇာများ၏ အကျိုးသက်ရောက်မှုကို ရပ်ဆိုင်းထားမည်။ (ဤစီမံချက်နောက်ပိုင်းမှ ဗီဇာလျှောက်ထားမှုများနှင့်ပတ်သက်၍ သေချာစွာစစ်ဆေးစိစစ်ရန် လိုအပ်သည့်အတွက် ပုံမှန်ထက် ပိုမို အချိန်ယူဆောင်ရွက်မည် ဖြစ်ပါသည်။)

(ခ) အထက်ပါ (က) တွင် ဖော်ပြထားချက်များအနက် ဗီဇာကင်းလွတ်ခွင့်ကို ရရှိထားသူများအတွက် ၎င်းကင်းလွတ်ခွင့်ကို သီးခြားစီရပ်ဆိုင်းထားမည်။ (ဤစီမံချက်နောက်ပိုင်းမှ ဗီဇာလျှောက်ထားမှုများနှင့် ပတ်သက်၍ သေချာစွာစစ်ဆေးစိစစ်ရန် လိုအပ်သည့်အတွက် ပုံမှန်ထက် ပိုမို အချိန်ယူဆောင်ရွက်မည် ဖြစ်ပါသည်။)

(ဂ) အထက်ပါ (က) နှင့် (ခ) စီမံချက်သည် ဧပြီလ ၃ ရက် မနက် ၀ နာရီ (ဂျပန်နိုင်ငံစံတော်ချိန်) မှ ဧပြီလကုန် ကာလအထိ အကျုံးဝင်မည် ဖြစ်သည်။ စီမံချက်ကာလကို အသစ်ထပ်မံပြင်ဆင်နိုင်ပါသည်။

(၃) ဆိုက်ရောက်ခရီးသည်အရေအတွက်ကို ထိန်းချုပ်ခြင်း

ရောဂါကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်ရေးစီမံချက်ကို သေချာစွာ ဆောင်ရွက်နိုင်စေရန်အတွက် လေကြောင်းကုမ္ပဏီများသို့ နိုင်ငံခြားတိုင်းပြည်များနှင့်အကြား လေကြောင်းခရီးစဉ်များကို လျှော့ချသွားရန် တောင်းဆိုခြင်း စသည်တို့မှတစ်ဆင့် ဆိုက်ရောက်ခရီးသည်အရေအတွက်ကို ထိန်းချုပ်သွားပါမည်။ သို့သော် ဂျပန်နိုင်ငံသို့ ပြန်လာရန်ဆန္ဒရှိသော ပြည်ပရောက်ရှိနေသည့် ဂျပန်လူမျိုးများနှင့် မိမိနိုင်ငံသို့ ပြန်ရန်ဆန္ဒရှိသောနိုင်ငံခြားခရီးသည်များအတွက် ထည့်သွင်းစဉ်းစားပြီး သတင်းအချက်အလက်များပေးခြင်းနှင့် သတိပေးနှိုးဆော်ခြင်းများကို အစိုးရအနေဖြင့် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

(၄) ပြည်ဝင်ခွင့်ပိတ်ပင်ခံထားရသောဒေသများကို ထပ်မံတိုးမြှင့်ခြင်း

လူဝင်မှုကြီးကြပ်ရေးဥပဒေကို အခြေခံပြီး ပြည်ဝင်ခွင့် ပိတ်ပင်ခြင်းခံထားရသော ဒေသများအဖြစ် (၄၉) နိုင်ငံနှင့် ဒေသများအားလုံးကို ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ပါသည်။ ၁၄ ရက်အတွင်း အဆိုပါနိုင်ငံဒေသများသို့

သွားလာနေထိုင်ခဲ့သော ခရီးသွားရာဇဝင်ရှိသော နိုင်ငံခြားသားများသည် အထူးအကြောင်းကိစ္စများ မရှိပါက ပြည်ဝင်ခွင့်ပိတ်ပင်ခံရမည် ဖြစ်သည်။

(က) (၄၉) နိုင်ငံ နှင့် ဒေသများ

အယ်လ်ဘေးနီးယားနိုင်ငံ၊ အာမေးနီးယားနိုင်ငံ၊ အစ္စရေးနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ သြစတြေးလျနိုင်ငံ၊ ကနေဒါနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မြောက်မက်ဆီဒိုးနီးယားနိုင်ငံ၊ ဆိုက်ပရပ်နိုင်ငံ၊ ဂရိနိုင်ငံ၊ ခရိုအေးရှားနိုင်ငံ၊ ကိုဆိုဗိုနိုင်ငံ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အိုင်ဗရီ ကိုစ့်နိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ဆလိုဗက်ကီးယားနိုင်ငံ၊ ဆားဘီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ထိုင်ဝမ်နိုင်ငံ၊ ချက်သမ္မတနိုင်ငံ၊ တရုတ်နိုင်ငံ၊ ချီလီနိုင်ငံ၊ ဒိုမီနီကာနိုင်ငံ၊ တူရကီနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ ပနားမားနိုင်ငံ၊ ဟန်ဂေရီနိုင်ငံ၊ ဘာရိန်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဖင်လန်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ ဘူလ်ဂေးရီးယားနိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဘော့စနီးယားနှင့်ဟာဇီဂိုးဗီးနားနိုင်ငံ၊ ဘိုလီးဗီးယားနိုင်ငံ၊ ပိုလန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ မော်ဒိုဗာနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ မွန်တီနီဂရိုးနိုင်ငံ၊ မော်ရစ်သျှနိုင်ငံ၊ လတ်ဗီးယားနိုင်ငံ၊ လစ်သူရေးနီးယားနိုင်ငံ၊ ရိုမေးနီးယားနိုင်ငံ

(ခ) အဆိုပါစီမံချက်ကို ဧပြီလ ၃ ရက် မနက် ၀ နာရီ (ဂျပန်နိုင်ငံစံတော်ချိန်) မှ စတင်၍ အချိန်ကာလတစ်ခုအထိ ဆောင်ရွက်မည် ဖြစ်ပါသည်။ စီမံချက်စတင်ချိန်မတိုင်မီ အဆိုပါနိုင်ငံများမှ ထွက်ခွာ၍ စီမံချက်စတင်ချိန် နောက်ပိုင်းတွင် ဂျပန်နိုင်ငံသို့ ရောက်ရှိမည့် ပုဂ္ဂိုလ်များလည်း အကျုံးဝင်မည် ဖြစ်ပါသည်။

■အသေးစိတ်စုံစမ်းမေးမြန်းရန် : ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး
ဖုန်းနံပါတ် : ၉၅-၁-၅၄၉၆၄၄~၈
ဖက်စ်နံပါတ် : ၉၅-၁-၅၄၉၆၄၃
အီးမေးလ် : ryoji@yn.mofa.go.jp